**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

စာအမှတ်၊ ၁၃/ ဖြန့်- ၁၄ ( ၃၉၄ )/နတလ-၀၀၄

ရက်စွဲ၊၂၀၂၀ပြည့်နှစ်၊စက်တင်ဘာလ ၃၀ ရက်

သို့

---------------**တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**

အကြောင်းအရာ။ **တင်ဒါအာမခံကြေးငွေ ကျပ်သိန်း(၅၀)ပေးသွင်းရမည့် အစီအစဉ်အား အကြောင်းကြားခြင်း**

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Lot. No များ သတ်မှတ်၍ တင်ဒါလျှောက်လွှာများ ရောင်းချပေးလျှက်ရှိပါသည်။

၂။ လိပ်မူပါရုံးများအနေဖြင့် လတ်တလောဖြစ်ပွားနေသော COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေအရ တင်ဒါဝင်ရောက် ယှဉ်ပြိုင်လိုသော ကုမ္ပဏီများ၏ တင်ဒါအာမခံကြေးငွေ ပေးသွင်းခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုသွားရန် ဖြစ်ပါသည်-

(က)နေပြည်တော်သို့ လတ်တလော မလာရောက်နိုင်သော ကုမ္ပဏီများ အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် Lot (၁)ခုအတွက် တင်ဒါအာမခံကြေးငွေကျပ် သိန်း(၅၀)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများ အကြောင်းကြားစာဖြင့် နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော ဒေသနှင့် Lotနံပါတ်များဖော်ပြ၍ (Payment Order Cheque) ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

( ခ) ပေးသွင်းပြီးသည့် (Payment Order Cheque) မူရင်း လက်မှတ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ စိစစ်၍ မှတ်ပုံတင်သိမ်းဆည်းရန်နှင့် အဆိုပါ (Payment Order Cheque) မိတ္တူကို တိုင်းဒေသကြီး/ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ ရုံးချုပ် (ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ) သို့ အချိန်နှင့် တပြေးညီပေးပို့တင်ပြသွားရန်၊

(ဂ) ကုမ္ပဏီများမှ နေပြည်တော်ရုံးချုပ်သို့ Profile တင်သွင်းချိန်တွင် ဘဏ်သို့ငွေသွင်း ထားသော (Payment Order Cheque) မိတ္တူ ပူးတွဲတင်သွင်းနိုင်ရေး သက်ဆိုင်ရာ ကုမ္ပဏီသို့ အသိပေးရန်၊

(ဃ)တင်ဒါအာမခံကြေး (Payment Order Cheque) ပေးသွင်းထားသည့် Cheque များကို တင်ဒါဖွင့်လှစ်ပြီး ရွေးချယ်စာရင်း ထုတ်ပြန်ပြီးချိန်တွင် ရုံးချုပ်မှ ပြန်လည်ထုတ်ပေးရန် အကြောင်းကြားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာကုမ္ပဏီများသို့ (၁)ပတ်အတွင်း မှတ်တမ်းမှတ်ရာဖြင့်တကွပြန်လည်ထုတ်ပေးရန်၊

( င) နေပြည်တော်တွင် တင်သွင်းလိုသော ကုမ္ပဏီများအနေဖြင့် ယခင်နှစ်များနည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ် တွင် (Payment Order Cheque) ပေးသွင်းပြီး မူရင်း (Payment Order Cheque) နှင့်အတူ Profile တင်သွင်းကြရန်။

၃။ သို့ဖြစ်ပါ၍ အထက်ပါ ညွှန်ကြားချက်အား သိရှိလိုက်နာဆောင်ရွက်သွားရန်နှင့် ယခုညွှန်ကြား ချက်အား ရုံးအလိုက် ကြော်ငြာဘုတ်များတွင် ကပ်ထားကြရန် အကြောင်းကြားပါသည်။

၂၀/၈/၂၀၂၀

**ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)**
**[လှသိန်း၊ ညွှန်ကြားရေးမှူး(စီမံ)]**

**မိတ္တူကို**

ညွှန်ကြားရေးမှူးချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ် } သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။
လုပ်ငန်း(၁)၊(၂)၊(၃)၊(၄)
ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး၊ကျိုင်းတုံ)
ရုံးလက်ခံ
မျှောစာတွဲ